# Ministry of Foreign Affairs calls in Ambassador of Bangladesh to Myanmar

U Zaw Phyo Win, Director-General of the Strategic Studies and Training Department of the Ministry of Foreign Affairs called in Mr Manjurul Karim Khan Chowdhury, Ambassador of Bangladesh to Myanmar, at 0930 am on 19 September 2022 at the Ministry of Foreign Affairs in Yangon.

During the meeting, the director-general clarified the prevailing on ground situations regarding the firing incidents near the Myanmar-Bangladesh border in response to matters raised by the Bangladesh side at the meetings between the Myanmar ambassador to Bangladesh and the director-general of the Ministry of Foreign Affairs of Bangladesh.

The director-general apprised that the AA and terrorist group ARSA attacked the Taungpyo (Left) Border Guard Police Outpost at BP-31 with mortars on 16 September 2022 where three mortar shells landed inside the Bangladesh territory. He also explained that the AA and terrorist group ARSA again used the same weapons and attacked the Taungpyo (Right) Border Guard Police Outpost at BP-34 on 16 and 17 September 2022 where nine mortar shells landed into the Bangladeshi soil. The director-general underscored the fact that the AA and terrorist group ARSA have been deliberately carrying out such attacks to cause negative consequences on the existing cordial bilateral relations between Myanmar and Bangladesh.

The director-general further stated that while taking the necessary security measures close to the border with utmost caution, the Myanmar side always abides by bilateral agreements and international norms as well as respects the integrity and sovereignty of all nations, including Bangladesh. The director-general expressed that the Myanmar side will cooperate with the Bangladesh side to maintain tranquillity of the border area and stressed the significance of full and reciprocal cooperation from the Bangladesh side.

The director-general recalled that on 7 September 2022, the Bangladesh side was notified of the information of the trenches and bases of the AA and ARSA terrorists located inside Bangladesh through the diplomatic channel and reiterated Myanmar's call to take necessary and immediate actions to investigate on the ground and dismantle those structures and bases. Later, he handed over a non-paper containing true facts of the incidents to the Bangladeshi ambassador.

The actual account of the firing incidents near the Myanmar-Bangladesh border was published in daily newspapers of Myanmar, issued on 18 September 2022 as well as notified to the Bangladesh side by the Ministry of Foreign Affairs through the diplomatic channel on 7 September and 17 September 2022, respectively, it is learnt. — MNA

**20 SEPTEMBER 2022**
THE GLOBAL NEW LIGHT OF MYANMAR

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေါ်ယူပြောကြား

နေပြည်တော်　စက်တင်ဘာ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်လ်ခမ် ချောင်ဒရီအား ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)၌ ခေါ်ယူတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်အနီး မကြာမီက ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအားခေါ်ယူတွေ့ဆုံစဉ် ပြောကြားခဲ့သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စဉ်ပကတိအခြေအနေမှန်ကို ရှင်းလင်းပြောကြား တုံ့ပြန်ခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်က AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့ ပူးပေါင်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်၊ BP-၃၁ အနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တောင်ပြိုဝဲရဲကင်းစခန်းအား မော်တာကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ မော်တာကျည် (၃) လုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ကျရောက်ခဲ့ကြောင်း၊ AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့သည် အလားတူ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်၊ BP-၃၄ အနီး တောင်ပြိုယာရဲကင်းစခန်းအား မော်တာကျည်များဖြင့် တိုက်ခိုက်ခဲ့ရာ မော်တာကျည် ကိုးလုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ကျရောက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းကဲ့သို့ နှစ်နိုင်ငံ နယ်နိမိတ် နယ်စပ်ခြစည်းရိုးအနီးမှနေ၍ ပစ်ခတ်တိုက်ခိုက်နေမှုများသည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေးပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် က အလေးထား ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က မြန်မာဘက် တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံ နယ်နိမိတ်အနီး လိုအပ်သည့် လုံခြုံရေးကိစ္စများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံ သဘောတူညီချက်များနှင့် နိုင်ငံတကာစံနှုန်းများအား လေးစားလိုက်နာဆောင်ရွက်ပြီး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှုကို လေးစားကြောင်း၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ဘင်္ဂလားဒေ့ရှ်ဘက်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဘင်္ဂလားဒေ့ရှ်ဘက်၏ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အလွန်အရေးကြီးကြောင်း အသိပေး ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် ပိုင်နက်နယ်မြေအတွင်း AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့၏ ခြေကုပ်စခန်းများ တည်ရှိသည့် အချက်အလက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ စက်တင်ဘာ ၇ ရက် ရက်စွဲပါ သံတမန်စာဖြင့် ပေးပို့ပြီးဖြစ်သောကြောင့် ယင်းကိစ္စကို ဘင်္ဂလားဒေ့ရှ်ဘက်မှ မြေပြင်တွင် စုံစမ်းစစ်ဆေးအရေးယူမှုများ ချက်ချင်းပြုလုပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်က ထပ်လောင်းအသိပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဖြစ်စဉ်အခြေအနေမှန်ကိုရှင်းလင်းဖော်ပြထားသည့် စာလွှာအား ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးထံသို့ ပေးအပ်သည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အနီး ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ဖြစ်စဉ်အခြေအနေမှန်များကို စက်တင်ဘာ ၁၈ ရက်ထုတ် မြန်မာ့သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဘင်္ဂလားဒေ့ရှ်ဘက်သို့ စက်တင်ဘာ ၇ ရက်နှင့် ၁၇ ရက်များတွင် သံတမန်စာများဖြင့် ပြန်လည်ရှင်းလင်းအသိပေးပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်